အရွယ်ရောက်ပြီးသော ယောက်ျားလေးတိုင်းသည်

သောကြာနေ့တွင် ရေချိုးရန်၊ သွားတိုက်ရန်၊

ရေမွှေးရှိလျှင် ရေမွှေးသုံးရန် တာဝန်ရှိသည်။

အမ်ရ်ဗင်န်ဆုလိုင်မာန် အလ်အန်ဆွာရီ ဆင့်ပြန်သည်မှာ ကျွန်တော်သည် ဤဟဒီးဆ်ကိုအဗူစအီးဒ်ဆင့်ပြန်ကြောင်း သက်သေပေးပါသည်။ ကျွန်တော်သည် ဤဟဒီးဆ်ကို
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားခဲ့ကြောင်း သက်သေပေးပါသည်။ အရွယ်ရောက်ပြီးသော ယောက်ျားလေးတိုင်းသည်
သောကြာနေ့တွင် ရေချိုးရန်၊ သွားတိုက်ရန်၊ ရေမွှေးရှိလျှင် ရေမွှေးသုံးရန်
တာဝန်ရှိသည်။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် သောကြာနေ့တွင် ရေချိုးခြင်းသည်ဂျုမုအဟ်ဆွလာသ်ဝတ်ပြုရန် တာဝန်ရှိသူ အရွယ်ရောက်ပြီးသော မွတ်စ်လင်မ်အမျိုးသားတိုင်းအပေါ် အလွန်အရေးကြီးသော တာဝန်တစ်ခုဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားသည်။ ထို့ပြင် သွားများကို တံပူနှင့် တံပူကဲ့သို့သောအရာများဖြင့်သွားတိုက်ရန်၊ မွှေးကြိုင်သောရနံ့ရှိသောအရာများဖြင့်အမွှေးအကြိုင်သုတ်လိမ်းရန်အမိန့်ပေးထားသည်။

https://sunnah.global/hadeeth/my/show/10036